## မြက်မုန်ညင်းစိမ်း

Scientific name - *Cyperus difformis* L.

Common name - Small-flowered nutsedge

Family - Cyperaceae






အပင်ပုံသဏ္ဌာန်

တစ်နှစ်ခံပင်ထောင်မျိုးဖြစ်ပြီး တစ်နေရာတည်းတွင် စုပြုံလျက်ပေါက်သည်။ ၆ - ၈၀ စင်တီမီတာမြင့်သည်။ ပင်စည်သည် ချောမွေ့ပြီး တြိဂံပုံရှိသည်။ အမြစ်မှာ အနီရောင်မြစ်မွှာများစွာပါရှိသည်။ ရွက်ဖုံးများသည် အစိမ်းရောင်မှ နီညိုရောင်ရှိပြီး ရွက်ပြားမပါဘဲ အရင်းပိုင်းတွင် စုပေါင်းပြီး ပြွန်ပုံအဖြစ် တွေ့ရသည်။ ပွင့်ကိုင်းရိုးတံထက်တိုသော ထပ်ဆင့်ပန်းခိုင် ၁၀ - ၆၀ အထိ ပြန့်ကျဲ့စွာတွေ့နိုင်သည်။ ပန်းခိုင်သည် ရင်းတူထိပ်ညီပန်းခိုင်ဖြစ်ပြီး အချို့ပွင့်ညှာရှိ၍ အချို့ပွင့်ညှာမဲ့သည်။ ထပ်ဆင့်ပန်းခိုင်များသည် အစိမ်းရောင်ရှိပြီး ပန်းခိုင်တစ်ခုလျှင် ပန်းပွင့်ငယ် ၆ မှ ၃၀အထိ ပါသည်။ အသီးသည် ဝါညိုရောင်မှ အညိုဖျော့ရောင် တစ်စေ့သီးဖြစ်၍ လုံးဝိုင်းသည်။ အစေ့အားဖြင့် မျိုးပွားသည်။